


# ၃၈ ဖြာ မင်္ဂလာဖြင့် လောကကြီးကို စီမံခန့်ခွဲခြင်း ဗျူဟာများ

ဒေါက်တာထွန်းဝင်း

## နိုင်ငံသားတစ်ယောက်၏ ယုံကြည်ချက်နှင့် လမ်းစဉ် (သို့မဟုတ်) ဖြစ်ပေါ်နေသော ပြဿနာများကို မည်သို့ဖြေရှင်းကြမည်နည်း။

မည်သည့်နိုင်ငံရယ်လို့မှမဟုတ် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းများစွာရှိရာပြဿနာအမျိုးမျိုးရှိ ကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေမှာ ဆိုရင် ပြဿနာပိုများတတ်ပြီး ဖွံ့ဖြိုးပြီး၍ စီးပွားရေး၊ ဖွံ့ဖြိုးနေတဲ့နိုင်ငံတွေမှာ ပြဿနာ အဖြစ်နည်းပါတယ်။ ဒါပေမယ့် ပြဿနာ လုံးဝမရှိတဲ့နိုင်ငံရယ်လို့တော့မရှိပါဘူး။ အားလုံးပြဿနာရှိကြပါတယ်။ ပြဿနာနည်းတာနဲ့ ပြဿနာများတာဘဲ ကွာခြားမှုရှိပါတယ်။

ပြဿနာဆိုင်ရာ သဘောတရားများကို တင်ပြရမယ်ဆိုရင် ဦးစွာ ပထမပြဿနာ ဆိုတာဘာလဲလို့ တင်ပြရရင် ပြဿနာဆိုတာ ဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုပါတယ်။




ဥပမာ- လူတစ်ယောက်ဟာ တစ်လဝင်ငွေသုံးသိန်းရှိမှ စားလောက်သောက်လောက်ရှိမယ် ဆိုပါစို့။ ဒီလောက်ရှိမှ စားလောက်မယ်ဆိုရင် ဒီလောက်တော့ ဝင်သင့်တယ်။ ဒါကြောင့် ဖြစ်သင့်သော အခြေအနေက လူတစ်ယောက် ဝင်ငွေတစ်လသုံးသိန်းရှိမှ စားလောက်မယ်ဆိုရင် ဒီလောက်တော့ ဝင်သင့်တယ်။ ဒါပေမဲ့ဖြစ်နေတာတစ်လ (၁) သိန်းဘဲဝင်တယ် ဆိုပါစို့။ ဒီတော့ စားေလောက်ရန် (၂)သိန်းကိုလိုတယ်။ တစ်လနှစ်သိန်းလိုနေတာပြဿနာပါ။ တစ်လ

နှစ်သိန်းပိုရရင် ပြဿနာပျောက်သွားမယ်။ ဒီတော့ ပြဿနာရှင်းချင်ရင် တစ်လနှစ်သိန်းပိုပြီး ဝင်အောင် ကြိုးစားရပါမယ်။ သို့သော် ဝင်ငွေနှင့်မဆိုင်သော အခြားပြဿနာပေါင်းများစွာရှိရာ ပြဿနာရဲ့ အဓိပ္ပါယ်ကတော့ အထက်ပါအတိုင်း ဘဲဖြစ်ပါတယ်။

ကျွန်တော်တို့သည် INGO စီမံကိန်းတွေမှာ အလုပ်လုပ်တုန်းက စီမံကိန်းအကြံပေး။ နိုင်ငံခြား သားများက စီမံကိန်းအကြံပေး၊ နိုင်ငံခြားသားများက စီမံကိန်းနယ်မြေကို ရောက်လာပီး (Any problem?) (ပြဿနာရှိလား)? လို့မေးပါတယ်။ ပထမတော့ ကျွန်တော်တို့က ပြဿနာတွေ လျှောက်ပြောရင် ကိုယ့်ပေါင်ကိုလှန်ထောင်းသလိုဖြစ်မှာစိုးတယ်။ ဒါကြောင့် ပြဿနာမရှိပါဘူး ။ (No Problem) လို့ ဖြေခဲ့ပါတယ်။ ဒီတော့ နိုင်ငံခြားက No Problem mens not working (ပြဿနာမရှိဘူးဆိုတာအလုပ်မလုပ်လို့ဘဲပေ့ါ) လို့ပြောတော့ ကျွန်တော်တို့က OG my GOD - ပြဿနာမရှိဘူးရယ်လို့တော့ မဟုတ်ပါဘူး။ ပြဿနာသေးလို့ မရှိဘူးပြောတာပါလို့ ပြောပြီး ပြဿနာကြီးကြီးတွေကို ဖုံးထားပြီး ပြဿနာသေးသေးတွေကို လျှောက်ပြောတာမှတ်မိ ပါသေးတယ်။

နောက်တစ်ဖန် ပြဿနာနဲ့ ပါတ်သက်တဲ့ ဒဿနတစ်ခုက-

There Will Be Human Being,

There Will Be Problem လူရှိရင် ပြဿနာရှိမှာဘဲလို့ဆိုပါတယ်။ ကျွန်တော်တို့ကလည်း လူတွေဆိုတော့ ပြဿနာရှိတော့မှာပါ။ ခက်တော့ခက်သားလားလို့ ညည်းရမလိုပါ။

သို့သော် အားတက်စရာနောက်ထပ် ဒဿနတစ်ခုက

There Will be Problem, There Will be Solution

(ပြဿနာရှိရင် ပြဿနာဖြေရှင်းနည်းဆိုတာရှိပါတယ်) လို့ ဆိုပြန်ပါတယ်။

သို့ပါ၍ ပြဿနာတွေရှိနေလို့ စိတ်ပျက်စရာမလိုဘဲ ပြဿနာဖြေရှင်းနည်းတွေကို လိုက်လံ ရှာဖွေမှာဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတွေကတော့ အကျင့်ပျက်ခြစားမှု ပြဿနာ၊ သဘာဝသယံဇာတဆိုင်ရာ ပြဿနာ၊ ကုန်ဈေးနှုန်းကြီးတဲ့ပြဿနာ၊ ဘတ်စ်ကားကြပ်တဲ့ ပြဿနာ၊ သဘောမတူကြတဲ့ပြဿနာ စသဖြင့် များပြားလှပါတယ်။

ဒီတော့ ပြဿနာဖြေရှင်းဘို့ဆိုပြီး ဝိုင်းအကြံပေးလိုက်ကြတာ များလွန်းလှပါတယ်။ ဥပမာ- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဟိုလိုလုပ်ရင် ဒီလိုလုပ်တာမကောင်းဘူး။ ဒါမျိုးက တော့ မဖြစ်သင့်ဘူးပေ့ါ။ စသဖြင့် ဆောင်းပါးရေးကြတာတော်တော်များပါတယ်။

ဒါပေမယ့် ခက်တာက ဒီလိုပါ။ ဥပမာစာရေးဆရာတစ်ယောက်က အကျင့်ပျက်ခြစားတာ မကောင်းဘူး။ အကျင့်ပျက်ခြစားတာကို တိုက်ဖျက်နည်းဆိုတာဒီလိုပါ။ ဟိုလိုပါဆိုပြီး ရေးလာတယ် ဆိုပါစို့။ အဲဒီလိုရေးကြတဲ့ အထဲမှာ ပြဿနာလို့မြင်တာ။ အကျင့်ပျက်ခြစားသူ ဘက်က ကြည့်တော့ဝင်ငွေတွေ တိုးတက်ပြီး OK နေတော့ ပြဿနာလို့ မမြင်တော့ဘူး။ သူ့ဘက်က ကြည့်ရင် အကျင့်ပျက် ခြစားခွင့်မရှိတော့ဘူး ဆိုရင်သာ စိတ်ဆင်းရဲတဲ့ ပြဿနာပေါ်ပေါက်တော့ မှာကိုး။

ဒီတော့ မည်သည့် ဗျူဟာ၊ မည်သည့်နည်း၊ မည်သည့်လမ်းစဉ်နဲ့ ပြဿနာရှင်းမလဲဆိုတော့ စဉ်းစားခန်းဝင်မိတော့ (လမ်းစဉ်) ဆိုတဲ့စကားကို စဉ်းစားမိတော့ ကျွန်တော်ငယ်ငယ်က ကျွန်တော်တို့ နိုင်ငံရဲ့လမ်းစဉ်ကို သတိရမိတယ်။ အဲဒါကတော့ အတိတ်ကာလတုန်းကပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါဘဲ။ အဲဒီ တုန်းက မူလတန်းကျောင်းသားဖြစ်လို့ နိုင်ငံရေး လမ်းစဉ် စာအုပ်ပေါင်းများစွာကို မဖတ်ဘူးပါဘူး။ သို့သော် ရုံးတချို့မှာကပ်ထားတဲ့ ကျွန်ုပ်တို့၏ ယုံကြည်ချက်” ဆိုတာကိုဖတ်ဖူးပါတယ်။ခုတော့မေ့နေပြီ။ ဒီတော့

မိတ်ဆွေတစ်ချို့ကို မေးမိတယ်။ ကျွန်ုပ်တို့ယုံကြည်ချက်ဆိုတာမှတ်မိသေးလား လို့ မေးတော့ သူလဲမေ့နေပြီ။ ဒါပေမယ့် တစ်ပိုင်း တစ်စမှတ်မိတာကို ပြန်စဉ်းစား တော့ ( အူမတောင့်မှ သီလစောင့်မယ်) ဆိုတာပါတယ် ထင်တယ်။ (ဤလောကဌ် လူလူချင်း ခေါင်းပုံဖြတ်၊ အမြတ်ကြီးစား၊ ဝိသမစနစ်ဆိုးများရှိနေသရွေ့ သာယာဝပြောသော လူ့ဘောင်သို့ ရောက်မည်ဟု မယုံကြည်) ဆိုတာမှတ်မိ သလိုလိုဘဲ။ ၁၉၆၀ ပြည့်နှစ်လွန်ကဆိုတော့ ရေးတေးတေးပါဘဲလို့ ဆိုပါတယ်။

ဒီတော့ ကျွန်တော်လည်း ပြန်စဉ်းစားတော့ အူမတောင့်အောင်ဆိုပြီး လခတိုးပေး တော့လည်း ပြဿနာကမပြေလည်။
လူလူချင်းခေါင်းပုံဖြတ်အမြတ်ကြီးစားတဲ့ အရင်းရှင်တေါကို
အမြတ်ကြီးစားလို့မရအောင် စီးပွားရေးလုပ်ငန်းတွေကို
ပြည်သူပိုင်သိမ်းတော့လည်း ပြဿနာ ပျောက်မသွားတော့ OH MY GOD
ခက်ပါဘိတော့လို့ ညည်းမိပါတယ်။ ပြဿနာများရင် မကောင်းဘူးပေါ့။
မကောင်းတာကို ပါဠိဘာသာနဲ့ (အမင်္ဂလာ) လို့ ခေါ်ပြီးကောင်းတာကို (မင်္ဂလာ)
လို့ခေးပါတယ်။

ဒီတော့ ကောင်းအောင်ဘယ်လိုနေရမလဲဆိုတာ ရှာဖွေရင်းနဲ့ တစ်နေ့သောအခါမှ ရွှေတိဂုံ ဘုရား စောင်းတန်းမှာရောင်းတဲ့ (၃၈) ဖြာမင်္ဂလာကို ကျင့်သုံးလျှင် ကောင်းမှုအဖြာဖြာ ဖြစ်မည်ဟု ဆိုချင်ပါတယ်။

ကျွန်တော်က INGO တွေ တော်တော်များများမှာ အလုပ်လုပ်ဖူးတော့၊ INGO တွေက သူတို့ လျှောက်တဲ့လမ်းစဉ်ကို ကြေငြာထားတာတွေ အများကြီး ဖတ်ဖူးတယ်။ အဲဒါကို လမ်းစဉ် (MISSON) လို့ခေါ်ပါတယ်။

ဒီတော့ ကျွန်တော်လည်း အတုခိုးပြီးကျွန်တော်ရဲ့ ယုံကြည်ချက်လမ်းစဉ်ကို တင်ပြရရင် ဒီလိုပါ။

"ကျွန်ုပ်တော်၏ ယုံကြည်ချက်"

ဤလောက၌ လူအပေါင်းတို့သည် မင်္ဂလာလမ်းစဉ်ကို မကျင့်သုံးသရွေ့ ပြဿနာတွေ များနေမည်ဟု ယုံကြည်ပြီး (၃၈)ဖြာမင်္ဂလာကို ကျင့်သုံးလျှင် ပြဿနာတွေပျောက်ကုန်မည်ဟု ယုံကြည်သည်။

"ကျွန်ုပ်၏ အဓိဋ္ဌာန်"

ဤသို့ ယုံကြည်သည့်အတိုင်း (၃၈)ဖြာမင်္ဂလာကို ကျင့်သုံးဖြစ်အောင် ကျင့်သုံးမည်ဟု အဓိဋ္ဌာန်ပြုသည် ဟုဆိုပါရစေလား။

စာရှုသူအပေါင်းကရော မည်သည့်လမ်းစဉ်ကိုယုံကြည်ပါလဲ။ မိမိဘဝကို မိမိမည်သို့သော လမ်းစဉ်နဲ့ ဖြတ်သန်းမလဲဆိုတာစဉ်းစားသင့်ပါတယ်။

ရုပ်ရှင်မင်းသားကြီးကျော်ဟိန်းသီဆိုဘူးတဲ့ သီချင်းစာသားတစ်ခု ကတော့

"သင်ဟာ လောကကြီးကောင်းဘို့ တစ်ခုခုလုပ်ခဲ့သလား။ စဉ်းစားကြ စဉ်းစားကြ" ဟုဆိုပါကြောင်း။

*

## ပိတ်ဆို့ခြင်းနှင့် မသက်ဆိုင်သောအရာ (သို့မဟုတ်) ဘဏ်လမ်းစဉ်

မျက်မှောက်ခေတ်ကာလမှာ ပိတ်ဆို့ခြင်းဆိုတဲ့ ဝေါဟာရတစ်ခုဟာ တော်တော်လူသုံးများ တာတွေ့ရပါတယ်။ ပိတ်ဆို့ခြင်းခံရရင်လည်း ခံရသူ အဖို့ မသက်သာလှပါဘူး။ နှလုံးသွေးကြော အဆီပိတ်ရင် မသက်သာပါဘူး။ ရန်ကုန်မြို့မှာ ရေစီးမြောင်း၊ လမ်းဘေးမြောင်းပိတ်ရင်မိုးရွာတဲ့ အခါ။ ရေတင်တဲ့အခါ လမ်းလျှောက်ရတာ မသက်သာပါဘူး။ သဘာဝပတ်ဝန်းကျင်ပျက်စီးလို့ မြစ်တွေ၊ ချောင်းတွေ ရေစီးရေလာမကောင်းဘဲ ရေစီးကြောင်းပိတ်သလို ဖြစ်ရင် ရေကြီးတတ်ပြီး ရေကြီးဒဏ်ခံရသူအဖို့တော့ မသက်သာပါဘူး။

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက ကျွန်တော်ဟာ ကျေးလက်ဒေသတစ်ခုက ရွာတစ်ရွာမှာ ရောက်နေပါတယ်။ အဲဒီ တုန်းက ရောဂါဆိုင်ရာ ဇာတ်လမ်းတော်တော်များများကိုကြားသိခဲ့ရပါ တယ်။ ကိုယ်ဝန်သည်မိန်းကလေး တစ်ယောက် မီးမဖွားနိုင်လို့ အနိစ္စရောက်တဲ့သတင်းမျိုးလည်း ကြားရသလို မြွေကိုက်လို့ အနိစ္စရောက်တာမျိုးလည်းကြားသိရပါတယ်။ မြွေကိုက်တယ်ဆိုတာ ကတော့ မြွေပေါတဲ့ ဒေသမျိုးမှာသာ ဖြစ်လေ့ရှိပြီး ကိုယ်ဝန်သည် မီးဖွားရင်း အနိစ္စရောက် တာမျိုးကတော့ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဒေသမဆိုမီးဖွားတဲ့ကိစ္စ မျိုးကရှိနေမှာပါ။ ဒီတော့ မီးနေသည်အနိစ္စရောက်တဲ့ ကိစ္စကိုနိုင်ငံတစ်နိုင်ရဲ့ ကျန်းမာရေးအဆင့်အတန်းကို တိုင်းတဲ့ နေရာမှာ ပေတံညွှန်းကိန်းအဖြစ်သုံးပါတယ်။

"ယောက်ျားဖောင်စီး၊ မိန်းမမီးနေ" ဆိုတဲ့စကားအရ မီးနေသည်ဟာ

ကျန်းမာရေး စောင့်ရှောက်မှုမရှိရင် အန္တရာယ်ရှိပါတယ်။ မီးနေသည် တစ်ယောက် နိုင်ငံတစ်ခုမှာ၊ ကျေးလက် ဒေသမှာ အနိစ္စရောက်ရင် ညဏ်နဲ့ ဘယ်လိုခန့်မှန်းလဲဆိုရင် ကျေးလက်ဒေသမှာ မီးနေသည်ရဲ့ အသက်ကို ကယ်နိုင်တဲ့၊ ဗိုက်ခွဲကလေးမွေးနိုင်တဲ့ တိုက်နယ်ဆေးရုံအရေအတွက် လုံလောက်ရဲ့ လား။ မွေးရခက်တဲ့ ကိုယ်ဝန်သည်ကို မြို့နယ်ဆေးရုံကိုသယ်ရန် လမ်းမကောင်းတာ လားဆိုပြီး တွေးဆကြပါတယ်။ ဒါကြောင့် မိခင်သေနှုန်း ( Maternal Mortality Rate ) ဆိုတာ နိုင်ငံတစ်ခုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းတဲ့ပေတံဖြစ်နေတယ်။

ပိတ်တာတွေကို ဖွင့်ပေးခဲ့ဖူးတယ်

တစ်ခါက ကျေးလက်ဒေသမှာ ဆရာဝန်လုပ်နေတုန်းကလေးမွေးနိုင်တဲ့ မီးနေသည် တစ်ယောက်ကို ဆေးခန်းကို နွားလှည်းနဲ့ တင်ပြီးခေါ်လာတယ်။ ကလေးကခေါင်းကြီးပြီ မွေးလမ်းကြောင်းကကျဉ်းတော့“ပိတ်ဆို့မှု” ဖြစ်တာပေ့ါ။ ဒါနဲ့ မွေးလမ်းကိုချဲ့ခွဲပြီး (EPISIOTOMY) ဆိုတာလုပ်ပြီး ညှပ်ဆွဲမွေးလိုက်ရပါတယ်။

ဒါပေမယ့် နောက်ပိုင်းကျေးလက်ဒေသမှာ အနေကြာလာတော့ သိလာရတာ က ပိတ်ဆို့မှု စစ်စစ်က မွေးလမ်းကြောင်းပိတ်တာ၊ လမ်းပန်းဆက်သွယ်ရေးကလမ်းမကောင်းလို့ ပိတ်တာဆိုတာ ထက် လူအချို့ ( အားလုံးကိုမဆိုလို) ရဲ့ ညဏ်လမ်းကြောင်းမှာ ပိတ်နေတာကိုတွေ့ရပါတယ်။ တစ်ခါတုန်းကတော့ လယ်သမားတစ်ယောက် မြွေပွေးကိုက်ခံရပါတယ်။ ကျွန်တော်ဟာ အဲဒီ တုန်းက မြွေကိုက်လူနာများစွာကို အသက်ကယ်ဖူးပြီးဆေးဝါးအပြည့်အစုံနဲ့ ရွာထဲမှာရှိနေတော့ လူနာက ဆရာဝန်ထံလာခါနီး ဆဲဆဲမှာ ဒေါက်တာရမ်းကုတစ်ယောက်ကဗေဒင်တွက်၍ ဆရာဝန်နဲ့ လူနာနက္ခတ်ခြင်းမတည့်လို့ဒီနေ့မသွားနဲ့၊ မနက်ဖြန်မှ သွားဆိုပြီး ဒီနေ့တော့ သူရဲ့ဆေးတွေ တိုက်ပါတယ်။
နောက်ရက်ကျတော့ဆရာဝန်ဆီရောက်ပေမဲ့ မြွေဆိပ်ကြောင့် ကျောက်ကပ် လုပ်ငန်းတွေ ပိတ်ဆို့ခံရပြီး အနိစ္စရောက်ပါတော့တယ်။

သာမန်အားဖြင့် စဉ်းစားရင်တော့ သွေးဥတွေပျက်ပြီး ကျောက်ကပ်လမ်းကိုပိတ်တာပေ့ါ။ ဒါပေမယ့် သေချာစဉ်းစားတော့ လူနာက ဆရာဝန်ထံလာမယ့်လမ်းကို ဒေါက်တာရမ်းကုပိတ်လိုက် တာပါ။

ဒါပေမဲ့ လူနာရှင်ကလည်း မစဉ်စားတာက မြွေကိုက်တာဟာ(၄)နာရီအတွင်း ဖြေဆေး မထိုးရင်သေဖို့ ပိုများးတယ်ဆိုတာ မစဉ်းစားတော့ဉာဏ်ပိတ်နေတာလို့ထင်ပါတယ်။ ဉာဏ်ပိတ်လို့ ကျောက်ကပ်ပိတ်တာပါ။ ဒါကြောင့် စဉ်းစားလမ်းကြောင်းပွင့်ဖို့ အရေးကြီးပါတယ်။

ပါတီစုံဒီမိုကရေစီလွှတ်တော်ကြီးများ ပြန်လည်စတင်ချိန်မှာ အထင်ကရ စာရေးဆရာကြီး တစ်ဦးရေးတာက ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နှစ်(၅၀)လောက် အမှောင်တိုက်ထဲမှာ နေခဲ့ ရတာ ဆိုတော့ အလင်းရောင်မရှိတာကိုဆိုလိုဟန်တူပါတယ်။ ဒီတော့ကျွန်တော်လည်း ကိုယ့်ဘဝကို ပြန်စဉ်းစားပါတယ်။ ငါ့ဘဝရော ဘယ်လိုမှောင်ခဲ့လဲလို့ စဉ်းစားပါတယ်။

နိုင်ငံတကာခေတ်မီသိပ္ပံနည်းပညာကဏ္ဍမှာ ကျွန်တော်တို့နောက်ကျခဲ့ပါတယ်။ ဒါကြောင့်ပဲ မှောင်တယ်လို့ဆိုလိုတာလားလို့ စဉ်းစားပြီး သူကကုန်ဆုံးတဲ့အချိန်တွေကို နှမြောလို့ရေးတာ နေမှာပါလို့ တွေးလိုက်ပါတယ်။

နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ ဆောင်းပါးတွေရေးတာသွက်လာပြီး ကျွန်တော်ရဲ့ ဆောင်းပါးအရေအတွက် တစ်ထောင်ကျော်သွားတာတော့ ဆောင်းပါးအချို့က ဂျာနယ်တွေနဲ့ အတွေးအမြင်ကဏ္ဍမှာဖော်ပြခံရပါတယ်။ ဒီတော့ကျွန်တော်သိလိုက်ရတာ က တွေးတောခြင်း ညဏ်ပညာ THINKING WISDOM ဆိုတာ ပိတ်ဆို့ခြင်းမခံရဘူးဆိုတာပါပဲ။

ကိုယ့်ဘာသာကိုယ်အိပ်ယာထဲမှာ နဖူးပေါ်လက်တင်ပြီးစဉ်းစားနေတာကို ဘယ်သူက ဘယ်ဥပဒေနဲ့ လာပြီးပိတ်မှာလဲ။

ဒီတော့ ပိတ်ဆို့ခြင်းမခံရဘဲ ဉာဏ်ပညာ THINKING ကိုသုံးပြီး အမှောင်ထဲမှာ ဘယ်လို လမ်းလျှောက်မလဲဆိုတာ ရှာဖွေတော့ OH MY GOD အိုမြတ်စွာဘုရား၊ လက်စသပ်တော့ ဟင်းလင်းကြီးပွင့်နေတဲ့လမ်းကြီးသုံးခုကိုတွေ့သွားပါတယ်။

လမ်းကြီးတွေက မမှောင်ပါဘူး။ လင်းနေတာပ။ လမ်းကြီးသုံးခုကတော့ ငါးပါးသီလလမ်းစဉ် (၃၈) ဖြာ မင်္ဂလာလမ်းစဉ်နဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ငါးပါးသီလ လမ်းစဉ်ကို လျှောက်လှမ်းတော့မယ်ဆိုရင် ဘယ်သူ့ကိုမှခွင့်ပြုမိန့်တောင်းစရာမလိုသလို ဘယ်နည်းမှလည်း ဘယ်ပုဒ်မနဲ့မှ တရားစွဲမှာ မဟုတ်လို့ မည်သည့်တရားရုံးကိုမှ ရုံးချိန်း ခဏခဏ သွားရန်မလိုပါဘူး။

ဒါနဲ့ စကားမစပ် အမေရိကန်သမ္မတကြီး မစ္စတာအိုဘားမားမြန်မာပြည်ကိုလာပါတယ်။ မြန်မာပြည်ကိုခင်လို့ မင်လို့ လာလည်တာဆိုရင် ဂမ်းသာကျေးဇူးတင်စရာပါ။ ဒါပေမယ့် ကမန်တော့လို သာမန်နိုင်ငံသားတစ်ယောက်နဲ့ တွေ့ဆုံဆွေးနွေးရန်အစီအစဉ်နဲ့ အချိန်မရှိသလို ကျွန်တော်ရဲ့စာရေးတဲ့ဉာဏ်ပညာ WISIOMကိုလည်း သူက ပိုမိုတောက်ပြောင်ရန်မဖွင့် ပေးနိုင်သလို ဉာဏ်ကို ပိတ်ဆို့ခြင်း လည်း မလုပ်နိုင်ပါဘူး။ ကျွန်တော်ကလည်း သူ့ထံက ဘာမှ တောင်းဆိုစရာမရှိလို့ အေဂးကနေဘဲ မေတ္တာပို့ လိုက်ပါတယ်။ ဘာမှတောင်းဆိုစရာ မရှိဘူးဆိုတာ ကတော့ ဒီလိုပါ။ အိုဘားမားကို မမွေးခင်ကတည်းက ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားက ကျွန်တော့်တို့ကို ငါးပါးသီလ (၃၈)ဖြာမင်္ဂလာနဲ့ မဂ္ဂင်လမ်းစဉ်တွေကို ပေးပြီး ဖြစ်ပါတယ်။

(၃၈)ဖြာမင်္ဂလာလမ်းစဉ်ကို ကျင့်သုံးခဲ့ပုံကို ဥပမာပြရင်တော့ တစ်နေ့တော့ ကျွန်တော်ဟာ ကိစ္စတစ်ခုနဲ့ ရန်ကုန်မြို့ရဲ့ မြို့နယ်တစ်ခုကို ကားမောင်းပြီး တစ်ဦးတည်းထွက်လာခဲ့ပါတယ်။ လမ်းသွယ်တစ်ခုရဲ့ လမ်းဘေးမှာ

ကားရပ်မယ်လုပ်တော့ လမ်းဘေးမှာရှိတဲ့ အိမ်တစ်အိမ်က ကားရပ်မယ်လုပ်တော့ လမ်းဘေးမှာရှိတဲ့ အိမ်တစ်အိမ်ကကားမရပ်စေချင်တဲ့ သဘောနဲ့ အများပိုင်နေရာကို ကျူးကျော်ပြီး ပန်းအိုတွေချထားတဲ့အပြင် ဤနေရာ၌ ကားမရပ်ရလို့ စာရေးထား ထားတယ်။ သို့သော် ကျွန်တော်ကလည်း လူလစ်တယ်ထင်ပြီး ပန်းအိုးနံဘေးမှာ တိတ်တိတ် လေးကားရပ်လိုက်ပါတယ်။
ဗိုလ်ချုပ်အောင်ဆန်းကပြောခဲ့တာတော့ လွတ်လပ်ရေးဆိုတိုင်း လမ်းမပေါ်မှာ ဆေးရိုးဖြန့်လှန်းတာလွတ်လပ်ရေးလို့ မခေါ်ဘူးလို့ ပြောတာသူတို့ မကြားဖူးတာဖြစ်မယ်။ ဒါဆိုရင်အကြားအမြင်နည်းပါးတာပါ။ (၃၈)ဖြာမင်္ဂလာမှာ အကြားအမြင်များခြင်းဟာ မင်္ဂလာလို့ဆိုတယ်။ အများပိုင်နေရာမှာကားရပ်တာကို တားဆီးတာအကြားအမြင်နည်းတာပါ။ ဒီတော့ မင်္ဂလာတရားကိုမကျင့်သုံးဘူး။ ကျွန်တော်က ကားရပ်ပြီး မလှုံမလဲနဲ့ အိမ်ထဲကို လှမ်းကြည့် တော့ အိမ်ထဲက အသက်(၃၅)နှစ်ခန့်နှမငယ်တစ်ယောက်က ကျွန်တော့်ကို ရန်တွေ့မလို့ ထင်ပါတယ်။ အိမ်ရှေ့ကို လျှောက်လာတယ်။ ကျွန်တော်စဉ်းစားတာက အများပိုင်လမ်းမှာ ကားရပ်တာ ကို ရန်တွေ့ရင်နှမငယ်ဟာ လူမိုက်ပဲဖြစ်မယ်။

(၃၈)ဖြာ မင်္ဂလာမှာ လူမိုက်ကိုရှောင်ကြဉ်ရမယ်လို့ ရေးထားတယ်မဟုတ်လား။ ဒါကြောင့် ညီမငယ်က ကျွန်တော့်ကိုရန်တွေ့ရန် အချိန်မရမီ ကျွန်တော်က ကားပြန်တက်ပြီး အမြန်မောင်းပြေးခဲ့ပါတယ်။

ရန်မဖြစ်ရတော့ ဒေါသမဖြစ်ဘူး။ ဒေါသမဖြစ်တော့ နှလုံးသွေးကြောမကျဉ်းတော့ပါဘူး။

ဒါပေမယ့်စဉ်းစားမိတာက မိမိဂရန်မြေဧရိယာပေါ်မှာမဟုတ်ဘဲ အများပိုင် နေရာမှာ ပန်းအိုးချထားတာလုပ်သင့်လား မလုပ်သင့်လား ဉာဏ်နဲ့ မစဉ်းစားဘူးဆိုတာတွေ့ရတယ်။ ဒီတော့ ဉာဏ်ပိတ်နေတာပေ့ါ။ ဉာဏ်ပိတ်နေရင်တော့ ကျွန်တော်တို့တစ်တွေ အမှောင်လမ်းမှာ ဆက်လျှောက်နေရဦးမှာလား ဆိုပြီး စိုးရိမ်မိတယ်။

ဆက်လက်တွေးမိတာက (၃၈)ဖြာမင်္ဂလာမှာ စိုးရိမ်ကြောင့်ကြမှုမရှိခြင်းသည် မင်္ဂလာလို့ ဆိုတယ်။ ကျွန်တော်က စိုးရိမ်မိတော့ ကျွန်တော်ကိုယ်တိုင် မင်္ဂလာလမ်းစဉ်က သွေဖီသလို ဖြစ်သွားပါတော့တယ်။ ဒီတော့ ( OH MY GOD) လို့ ဘုရားတမိပါတော့တယ်။

ဒါကြောင့် ဒုက္ခတွေကများ ဗုဒ္ဓကယ်ပါဘုရားလို့ အစချီတဲ့ ခေတ်ဟောင်းတေးတစ်ပုဒ်ကို စပွန်ဆာပေးမယ့်လူရှိရင် ကျွန်တော်ကိုယ်တိုင် ပြန်လည် သီဆိုပြီးဆီးရီးခွေထုတ်ပြီး ပရိသတ်ကြီး ကို ဖျော်ဖြေချင်တဲ့ စိတ်တွေပေါ်လာမိကြောင်းပါ ခင်ဗျား။

*

မင်္ဂလာအမှတ် (၁) အာသေဝနာစဗာလာနံ
လူမိုက်တို့ကိုရှောင်ကြဉ်ခြင်းသည် မင်္ဂလာ မင်္ဂလာအမှတ် (၂)
ပဏ္ဍိတာနဉ္စသေဝနာ ပညာရှိကိုမှီဝဲဆည်းကပ်ခြင်းသည် မင်္ဂလာ
မင်္ဂလာအမှတ် (၃) ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူကို
ပူဇော်ခြင်းသည် မင်္ဂလာ

ပူးတွဲဆောင်းပါး၌ အရက်သမား၏ အလှူ၌ တဂဝတပြဲစားသောက်ကြရာ အရက်သမားကို ရိုသေရန် မပူဇော်ထိုက်သူကို ပူဇော်မိခြင်း၊ ပညာမရှိသူကို ဆည်းကပ်မိခြင်း၊ လူမိုက်ကိုပေါင်းသင်း စသော မင်္ဂလာတရားနှင့် မညီသည့် စရိုက်သုံးမျိုးတွေ့နိုင်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရမည့် ပဉ္စမ မဏ္ဍိုင်ဥပမာတစ်ခု

(သို့မဟုတ်) ပေးတိုင်းမယူ၊ ကျွေးတိုင်းမစားခြင်း

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း၊ ဒီမိုကရေစီလမ်း ကြောင်း ပေါ်မှာ လျှောက်နေတယ်။ ဖွံ့ဖြိုးတိုးတက်ပြီလားဆိုတာ ပြောရခက်ပေမယ့် လမ်းကြောင်း ပေါ်မှာ လျှောက်နေဒါ အမှန်ပါ။ စာရေးဆရာကြီး လူထုစိန်ဝင်းက တောင်ပါတီစုံပါဝင်တဲ့ လွှတ်တော်စခါစ ရေးတဲ့ဆောင်းပါးတစ်ပုဒ်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခြေတစ်လှမ်းစချပါ ပြီလို့ရေးခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီနစ်နဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်လျှောက်တဲ့အခါ အဓိကဖွံ့ဖြိုး ရေးမဏ္ဍိုင်ကြီးတွေဖြစ်တဲ့ ဥပဒေပြုမဏ္ဍိုင်က ပထမမဏ္ဍိုင်၊ အုပ်ချုပ်ရေးက ဒုတိယ မဏ္ဍိုင်၊ တရားစီရင်ရေးက တတိယမဏ္ဍိုင်လို့ ဆိုရာ ကနေ မီဒီယာ လောကက စတုတ္ထမဏ္ဍိုင်ရယ်လို့ နိုင်ငံရေးနယ်ပယ်က

ခေါ်ဝေါ်လာကြပါတယ်။ အဲဒီ လိုနဲ့ ပြည်သူလူထုကြီးက ပဋ္ဌမမဏ္ဍိုင်ရယ်လို့ ခေါ်ဝေါ်ခံရပါတယ်။ အဲဒီ မဏ္ဍိုင်ကြီးတွေ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။

ဒီလိုနဲ့ နေခဲ့ရာ တစ်နေ့မှာ ဒဿနတစ်ခုကို ကြားသိရခဲ့ပါတယ်။ ဘာလဲဆိုတော့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍတွေ တိုးတက်ပြောင်းလဲနေရုံနဲ့ မပြီးဘူး။ လူထုကြီးကလည်း တိုးတက်ပြောင်းလဲမှ နိုင်ငံတော်ကြီးတိုးတက်မယ်ဆိုတာကို တစ်စွန်းတစကြား လိုက်ရပါတယ်။ ဒါဟာ မှန်တာပေါ့။ လူထုမတိုးတက်ဘဲနဲ့ အုပ်ချုပ်သူတွေ၊ တရား စီရင်သူတွေ၊ ဥပဒေပြုတွေ၊ မီဒီယာတွေတိုးတက်ရုံနဲ့ ဘယ်ပြီးမလဲဆိုပြီး အတွေးတစ်ခုရှိခဲ့ ပြီး မေ့မေ့ပျောက်ပျောက်ပါပဲ။ ဒါပေမယ့် ကျွန်တော်က နံနက်တိုင်း ပလက်ဖောင်းပေါ်မှာ ဂျာနယ် ဖတ်တော့ အခြားစာဖတ်သူတစ်ယောက်က ဆိုက်ကားသမားတစ်ယောက်ဖြစ်ပြီး သူက အဲဒီ ဒဿနကို ဆွေးနွေးပြန်ပါတယ်။ သူ့အပြောကတော့ "ကျွန်တော်က ဆိုက်ကား နင်းနေပါ တယ်ဗျာ။ လူထုကြီး တိုးတက်ရမယ်ဆိုတော့ ကျွန်တော်ကတိုးတက်ရမယ်ဆိုတော့ ကျွန်တော်က တိုးတက်အောင် ဘာဆက်လုပ်ရမှာလဲ။ ဆိုက်ကားခလျှော့ယူရမှာလား။ ကျွန်တော့်မှာ ဘာလုပ်ပိုင် ခွင့်မရှိပါဘူး။ ကျွန်တော်တိုးတက်အောင် နာရေးကူညီမှုအသင်းမှာ လုပ်အားပေးရမှလား" ရယ်လို့ ဆွေးနွေးခဲ့ပါတယ်။ သူရဲ့ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး ကျွန်တော်ဘာမှ တုံ့ပြန်မဆွေးနွေးပါဘူး။ ဒါပေမယ့် စိတ်ထဲမှာပေါ်တဲ့အတွေးကတော့ အများကြီးပါပဲ။ ဥပမာ ပြည်သူတွေက ကားလမ်းမပေါ် တက်ပြီး ဈေးမရောင်းရဘူး။ အစားအသောက်ထဲ ဆိုးဆေးမရဘူး။။။ ရေပိုက်ကရေတွေကို မဖြုန်းရဘူး၊ သဘာဝပတ်ဝန်းကျင်ကို မဖျက်ဆီးရဘူးစတဲ့ ပြည်သူတွေ ပြောင်းလဲရမယ့် အရာတွေဟာ ထောင်သောင်းချီပြီးရှိပါတယ်။ ဒါပေမယ့် ဒီကိစ္စတွေ ကလည်း ဒီလိုတွေ မလုပ်သင့်ဘူး ဆိုတာ အားလုံးလည်း သိပြီးသားပါ။ ထူးထူးဆန်းဆန်း ဘာမှ မပြောလိုတော့ဘဲ

မေ့မေ့ပျောက်ပျောက်နေခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့ တော်တော်ကြီးမားတဲ့ အကြောင်းတိုက်ဆိုင်မှုတစ်ခု ဖြစ်လာပါတယ်။

ကျွန်တော်ဟာ တစ်နေ့မှာ ရာဇဝင်မှာ ပဋ္ဌမ မဏ္ဍိုင်က လူတချို့ကို တရားစီရင်ခန်းတစ်ခုကို အမှတ်မထင်သွားတွေ့ပါတယ်။ စာအုပ်တစ်အုပ်ကို လက်ဆောင်ရလို့ ဖတ်ကြည့်တော့ စာအုပ်အမည်က "လူငယ်နှင့်ဒီမိုကရေစီ တန်ဖိုး" ဖြစ်ပါတယ်။ ကလောင်စုံရေးတဲ့ဆောင်းပါး ပေါင်းချုပ်ပါ။ အဲ့ဒီမှာ စာရေးဆရာကြီး အောင်သင်းရေးတဲ့"သမိုင်းရဲ့စွပ်စွဲချက်" ဆိုတဲ့ဆောင်းပါးကို ဖတ်ရပါတယ်။

အမတ်ကြီး မဟာပညာကျော်က ပဋ္ဌမ မဏ္ဍိုင်တချို့ကို တရားစီရင်ခန်းတစ်ခန်းဖြစ်ပါတယ်။ အမတ်ကြီးမဟာပညာကျော်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ ကျော်ခန့်က ရခိုက်ဘုရင်မင်းသုံးမင်း ဆက်တိုက် ပညာရှိအမတ်ကြီးအဖြစ် အမှုထမ်းခဲ့ပါတယ်။ သက်ဆိုင်တဲ့အကြောင်း အရာ အတိုချုပ်ကို ပဲတိုတိုနဲ့လိုရင်းပြောရရင်တော့ အဲ့ဒီခေတ်က ခိုးမှုတစ်ခု ဖြစ်ပွားပါတယ်။ သူခိုးက နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားပါတယ်။ အဲ့ဒီအခါမှာ သူခိုးကအလှူကြီး အတန်းကြီး ပေးပါတယ်။ ဒီတော့ ပြည်သူတွေက သူခိုးလှူဒါန်တဲ့ အလှူပွဲမှာ အားရပါးရစားကြ သောက်ကြပါ တယ်။ ဒီလူဟာ နေ့ချင်းညချင်း ဘယ်လိုလုပ်ချမ်းသာလာတာလဲ မစူးစမ်းဘဲ ကျွေးသမျှ မြိန်ရည်ယှက်ရည်စားခဲ့ကြတယ်။ နောက်တော့ အဲ့ဒီခိုးမှုပေါ်သွားတယ်။ ဒီတော့ အမတ်ကြီး မဟာပညာကျော်က ပြစ်မှုနဲ့ သက်ဆိုင်သူအသီးသီးကို ထိုက်သင့်တဲ့ ပြစ်ဒဏ် ပေးပါတယ်။ အဲ့ဒီမှာ အံ့သြစရာဖြစ်ရပ်ကတော့ သူခိုးလှူတဲ့အလှူမှာ မြိန်ရည်ယှက်ရည် စားတဲ့ ပရိသတ်ကြီးပေ့ါဗျာ။ လူထုလို့ဆိုရင်ဆို၊ ပဋ္ဌမ မဏ္ဍိုင်လို့ ဆိုချင်ဆို။ အဲ့ဒီစားတဲ့လူတွေကို သူတို့ စားတဲ့ဟာတွေကို အမတ်ကြီးမဟာပညာကျော်က ပြန်လျော်ခိုင်းတယ်လို့ ဆိုပါတယ်။

ဆရာကြီးအောင်သင်းက အဲ့ဒီရာဇဝင်ကိုဖတ်ပြီး ရယ်ချင်မိတယ်လို့

ဆိုပါတယ်။

မြို့ရည်ယုက်ရည်စားကြတဲ့လူတွေဟာ လူထုကြီးတစ်ရပ်လုံးမဟုတ်ရင်း၊ ပဉ္စမ မဏ္ဍိုင် တစ်ခုလုံးမဟုတ်ရင် လူထုရဲ့ တစ်စိတ်တစ်ဒေသလို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေ အရက်သမားတစ်ဦးဖြစ်သူ ဦးကံမြင့်ဆိုသူ ကို သတိရမိပါတယ်။ သူက အရက်မူးပြီး သူတို့ ရပ်ကွက်ထဲက လမ်းဘေးပလက်ဖောင်းပေါ်မှာ လုံ့ချည်ကျွတ်ပြီးမှုလဲနေလေ့ရှိပါတယ်။ ရပ်ကွက်လူထုတော်တော်များများက သူရဲ့မိမွေးတိုင်း ဖမွေးတိုင်းရုပ်လွှာကို မမြင်ဘူးသူ ခပ်ရှားရှားရယ်ပါ။

ဒီတော့ ကျွန်တော်ကသူ့ကို အကြံပေးမိပါတယ်။“ ကိုကံမြင့်ရေ၊ ခင်ဗျားလည်းအရက် ကြောင့် ရပ်ကွက်ထဲက လူတွေကခင်ဗျားကို အတင်းပြော၊ မေးငေါ့ကုန်ပြီ၊ ဒီတော့ သိက္ခာကိုအဖတ်ဆယ်တဲ့အနေနဲ့ အရက်သောက်တာ ဆင်ခြင်ဦးဗျာ” လို့ပြောမိတယ်၊ ဒီတော့ ကိုကံမြင့်က“ဟော့…ဒီမယ်ထွန်းဝင်း၊ ငါ့ကိုမေးငေါ့၊ အတင်းပြောတဲ့လူတွေ ငါ့ကိုဦးညွှတ် နှုတ်ဆက်စေရမယ်၊ ငါဒန်ပေါက်နဲ့အိုက်စကရင်ကျွေးတဲ့အလှူလုပ်ဖို့ရှိတယ်၊ မင်းလာခဲ့လို့” ပြောပါတယ်။ သူ့အလှူကို ကျွန်တော်သွားတော့ သူကနိုင်ငံခြားမှာ အလုပ်လုပ်ဖူးတော် သန့်ရှင်းတဲ့ငွေနဲ့ လှူတာပါ။ သူ့ကိုမေးငေါ့ခဲ့တဲ့ လူတွေ ဒန်ပေါက်လာစားကြတာ အကြီးအကျယ်ပဲ။ စားလည်းပြီးရော ဦးညွှတ်ပြီး ပြန်ပါဦးမယ်ဆိုပြီး နှုတ်ဆက်သွားကြတယ်။ ဒီတော့ သင်ခန်းစာရတာ က သူကျွေးတာစားမိရင် ဦးညွှတ်ရတော့တာပေါ့။

ရပ်ရှင်မင်းသားဒွေး မသေမီက ဇာတ်ဝင်ခန်းတစ်ခုမှာ ပြောသွားတာက လောကကြီးမှာ ဘယ်ဟာမှ အလကားမရဘူးလို့ဆိုပါတယ်။ ဒါဟာ အလကား စားချင်တဲ့လူတွေအတွက် သင်ခန်းစာပါ။

သံဃာတော်တွေတောင် အလကားစားလို့ မရဘူး။

ကျွန်တော်က ဒုလ္လဘရဟန်း ဝတ်ဖူးတော့ ဆရာတော်ကဆုံးမလို့ မှတ်မိနေတာကတော့ ဆွမ်းစားရင် အလကားရတယ်ဆိုပြီ မစားရဘူး။ ဆွမ်းစားတဲ့အခါ စိတ်မှဆင်ခြင်ရမှာကတော့ ဒီဆွမ်းဟာ အရသာ တပ်မက်လို့ စားခြင်းမဟုတ်၊ အသက်ဆက်လက်ရှင်သန်ပြီး ဘုရားသာသနာ ပရိယတ္တိသာသနာ ( ဗုဒ္ဓကျမ်းစာ သင်အရန်)နဲ့ ပရိပတ္တိသာသနာ( တရားအား ထုတ်နိုင်ရန်) အတွက် ဆွမ်းစားပါတယ်လို့ ဆင်ခြင်ပြီးမှစားရပါတယ်။

ဒီတော့ ဆွမ်းစားပြီးရင် တရားအားထုတ်ရန်နဲ့ စာသင်ရန်တာဝန်ရှိပါတယ်။

ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေက ခက်တာက သူများကျွေးရင်အဂဇစားတော့တာပါပဲ။

ထီပေါက်လို့ကျွေးတာလား၊ မိဘအမွေရလို့ကျွေးတာလား၊ အကျင့်ပျက်ခြစားလို့ ကျွေးတာ လား မစူးစမ်းဘူး။ အကျင့်ပျက်ခြစားပြီး ကျွေးတာကို စားမိရင် အကျင့်ပျက်ခြစားတာကို အားပေးသလိုဖြစ်ပါမယ်။

တချို့က စားပြီး ဦးညွတ်ဆုတောင်း သွားသေးတယ်။ နောက်နောင်လည်း ဒီ့ထက်မက လှူနိုင်းတန်းနိုင်ပါစေတဲ့ဗျာ။ ထီပေါက်လို့ ကျွေးတာဆိုရင်တော့ နောက်လည်း ထီပေါက်ပါစေလို့ ဆုတောင်းပေးသလို ဖြစ်လို့ ကောင်းပါတယ်။ အကျင့်ပျက်ခြစားလို့ ကျွေးတာကို နောက်လည်း လှူနိုင်ပါစေဆိုတော့ နောက်ထပ်အကျင့်ပျက်ခြစားနိုင်ပါစေလို့ ဆုတောင်းပေးနေသလို မဖြစ်ပေဘူးလား။

ဒီလိုလူတွေရဲ့ လုပ်ပုံကို အမတ်ကြီးမဟာပညာကျော်မြင်စေချင်စမ်းပါတယ်။ အမတ်ကြီး မဟာပညာကျော်သာရှိရင် ဤပုဂ္ဂိုလ်များကိုကောင်းကောင်းကြီး

တရားစီရင်မှာဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီဖွံ့ဖြိုးရေးလမ်းကြောင်းမှာ ပဥ္စမမဏ္ဍိုင်လည်း လိုက်ပြောင်းရမှာပေ့ါ။ ပြောင်းရမှူာတွေ ကတော့ များပြားလှစွာရှိမှာပါ။ ဒါပေမယ့် တချို့လူတွေ (အားလုံးကိုမဆိုလို)က အလှူအိမ်မှာ မစူးစမ်းဘဲ အဂ‌စားတာကိုတော့ ပြင်သင့်တယ်လို့ထင်ပါတယ်။

ဒါဟာလည်း အကျင့်ပျက်ခြစားမှုကို ထိန်းကျောင်းရေးဗျူဟာတစ်ခုပါ။ ဖွံ့ဖြိုးရေးရဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့ဆိုလိုက်ချင်ပါတယ်။ အလှူအိမ်မှာ မစူးစမ်းဘဲ အဂ‌အပြဲစားသူတို့ ဆင်ခြင်နိုင်ရန် ကဗျာတစ်ပုဒ်စပ်လိုက်ပါတယ်။ ကဗျာ အမည်ကတော့ ဒီလိုပါ။

"ဒန်ပေါက်စားတဲ့ ပြည်သူတွေ"

ဒန်ပေါက်စားတဲ့ပြည်သူတွေ

စူးစမ်းသင့်လှပေ

လှူတဲ့ပိုက်ဆံ ဘယ်ကရ

ဆင်ခြင်သုံးသပ်ဗျ

အမတ်ကြီးက ပညာကျော်

ပြန်လျော်ခိုင်းတယ်နော်

ပေးတိုင်းယူတဲ့ လူတွေအကြောင်း

ပြောင်းလဲသင့်တဲ့ ဥပမာကောင်းရယ်လို့ ကဗျာစပ်မိကြောင်း။

(Venus News Journal 17-September- 2013)

*

## မင်္ဂလာအမှတ် (၄) ပတိရူပဒေသဝါသောစ သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်း သည်မင်္ဂလာ မင်္ဂလာအမှတ် (၂၅)ကျေးဇူးတရားကို သိခြင်းသည် မင်္ဂလာ

ကျွန်တော်သည် ဆရာဝန်ဖြစ်ခါစ နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ရန် မရည်ရွယ်ခဲ့ခြင်းမှာ မြန်မာပြည်၌ မိအို၊ဖအိုတွေရှိသေး၍ မိဘတွေကို ထားမသွားလိုခြင်းကြောင့်ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဆေးခန်းဖွင့်ပြန်တော့ ရန်ကုန်၌ ဆေးခန်းတွေအလွန်များနေရာ မိမိလို ဆရာဝန် ပေါက်စအတွက် သင့်လျော်သောနေရာမှာ- ကျေးလက်ဒေသဖြစ်ပါတယ်။

ပူးတွဲပါ ဆောင်းပါး၌ ကျွန်တော်နေရန် သင့်သောကျေးလက်၌ နေခဲ့ရပုံ၊ ကျေးလက်ဒေသ၌ ဉာဏ်သုံးရပုံ၊ ကျေးဇူးရှင်ပြည်သူတို့ကျွေးသော ထမင်းကို ကျွန်တော်စားခဲ့၍ သူတို့ ကျေးဇူးရှိ ခဲ့ပါတယ်။

တစ်ကွက်ဦးသောဉာဏ် (သို့မဟုတ်) ဒေါက်တာရမ်းကုလုပ်ရပ်ကို ကြိုတင်သိနိုင်စွမ်း

ကျွန်တော်သည် ၂၀၁၃ ဧပြီလတွင်းတစ်ခုသော နံနက်ခင်းမှာ လူထုပုံရိပ် ဂျာနယ်ကိုဖတ်ကြည့်ရာ Vol (1) NO (29) ၌ စာမျက်နှာ ၁၅ တွင် ရေးထားချက်မှာ တိုင်းပြည်၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ပြည်ပရောက်မြန်မာဆရာဝန်များ ခေတ္တပြန်လာကာ ဆေးပညာကူညီလေ့ကျင့်ဖြန့်ဝေပေးစေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည် က ဧပြီလ ၆ ရက်၌ PAPK ROYAL HOTEL ၌ ပြောကြားကြောင်း သိရပါတယ်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍

ဆေးရုံးအသစ်များဆောက်လုပ်နေခြင်း ထက် ဆရာဝန်၊ သူနာပြုများကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများကို ဝေးလံခေါင်သီ သောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်စေမည့် အချက်များကို လုပ်ဆောင် ပေးခြင်းက ပို၍ အရေးကြီးကြောင်း၊ NLD ကျန်းမာရေးကွန်ရက်အနေ ဖြင့် ဆရာဝန်ကောင်းကောင်း မရှိသည့် ဒေသများသို့ အရည်အချင်းပြည့် ဆရာဝန်များ စေလွှတ်ပေးမည့် အပြင် ဆေးဝါးလိုအပ်ချက်ရှိသော ဆေးရုံများသို့ ထောက်ပံ့လှူဒါန်းသွားမည် ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ကွန်ရက်၏ လုပ်ဆောင်မည့် အစီအစဉ်ကို ပြောပြသည်ဟု သိရပါ တယ်။

ကျွန်တော်ဟာ မြန်မာပြည်ရဲ့ ဝေးသီခေါင်ဖျားဒေသတွေမှာ နှစ်ပေါင်းများစွာနေထိုင်၍ ဆရာဝန်လုပ်ဖူးတော့ ကျေးလက်ပြည်သူ တွေရဲ့ ထမင်းကို စားခဲ့လို့ သူတို့ဟာ ကျေးဇူးရှင်ဖြစ်တယ်။ ဒီတော့ ကျေးဇူးရှင်တွေရဲ့ ကျန်းမာရေးကိစ္စကို ကွန်ရက်တစ်ခုက စေတနာဖြင့် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ဆန္ဒဖြင့် ကျေးဇူးရှင်တို့၏ ကျေးဇူးကို တစ်စိတ်တစ်ဒေသဆပ်သောအားဖြင့် ယခုဆောင်းပါးကို တင်ဆက်လိုက်ပါသည်။

နိုင်ငံခြားကခေတ္တပြန်လာတဲ့ ဆရာဝန်ဖြစ်စေ၊ ပြည်တွင်း က စေတနာ့ဝန်ထမ်းဆရာဝန် ဖြစ်စေ ကျေးလက် ဒေသမှာ အလုပ်လုပ်မယ်ဆိုရင် ဗေဒင်ရက်တိုသင်တန်းတက်ထားရင် ပိုကောင်းပါတယ်။

တစ်ခါက ကျွန်တော်သည် ရွာကြီးတစ်ရွာ၌ ဆေးခန်းဖွင့်နေစဉ် သတိလစ်လူနာ၊ မြွေကိုက်လူနာတွေကိုပါ ကုသရသဖြင့် လူနာ တစ်ချို့ကို ပြန်လွှတ်၍ မရဘဲ ဆေးခန်း၌ ညအိပ်စေရ ပါတယ်။ တစ်နေ့တော့ ကျွန်တော့်ဆေးခန်းရဲ့ မြောက်ဘက်တစ်မိုင်ခန့်အကွာမှာ လူ တစ်ယောက် မြွေပွေးကိုက်ရာ ကျွန်တော်ထံသို့ ရောက်မလာပါ။ တကယ်လာလို့ လှည်းနဲ့ လာရင် ဆယ်မိနစ်ခရီးပါ။ ဒါပေမယ့် မလာတဲ့ အကြောင်းက အဲဒီ နေရာက ဒေါက်တာရမ်းကု ကပြောတာကတော့ ယခုအခါမှာ

နဂါးခေါင်းမြောက်ဘက်လှည့်တယ်။ ဒေါက်တာထွန်းဝင်း ရဲ့ဆေးခန်းကို သွားရင်တော့ နဂါးခေါင်းထဲဝင်သလိုဖြစ်ပြီး ဒီနေ့ဟာ ပြဿဒါးနေ့လည်းဖြစ်တော့ ခန္ဓာပျက်ကိန်း (သေကိန်း) ရှိတယ်လို့ ဟောလို့ လူနာကမလာရဲဘူး။ဒါနဲ့ အသက်ဆုံးရှုံး သွားပါတယ်။ တကယ်တော့ အဲဒီ အချိန်မှာ ကျွန်တော်ဟာ အဲဒီ ဒေသမှာ မြွေကိုက်ခံလူနာပေါင်း (၄၀)ခန့်ကိုကုခဲ့ရာ အသေအပျောက်လုံးဝ (လုံးဝ) မရှိခဲ့လို့ နာမည် တစ်ခုရနေပါပြီ။ ဒီတော့ မြွေကိုက်လူနာဆိုရင် ဒေါက်တာထွန်းဝင်းဆီ သွားမယ်ဆိုတာဒေါက်တာရမ်းကုက ကြိုသိနေလို့ သူ့ဘက်က တစ်ကွက်ရွှေ့လိုက်ပြီဖြစ်ပါတယ်။

တစ်ခါသေးဖူးပျဉ်ဖိုးနားလည်ပြီ (သို့မဟုတ်) ဒေါက်တာရမ်းကု တစ်ပါးကို ဉာဏ်ပညာဖြင့် အောင်နိုင်ခြင်း

ဒီတော့ ကျွန်တော်လည်း တစ်ကွက်ခံလိုက်ရပြီဖြစ်လို့ ဆရာကြီး မင်းသိခ်ရေးတဲ့ ဗေဒင်ဆောင်းပါး၊ ဂတ္ထုတွေဖတ်တဲ့အပြင် ယတြာချေ ပုံတွေလည်းလေ့လာမိပါတယ်။ ဆရာကြီးမင်းသိခ်ဟာ ကျွန်တော်ရဲ့ မြင်ဆရာ ဖြစ်ပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့ အသက်(၃၀)ခန့် မိန်းကလေး တစ်ဦးဟာ ၂၃ ရက်ဆက်တိုက်ဖျားပြီး သတိလစ်သွားပါတယ်။ ဒါနဲ့ ဆေးခန်းကို သတိလစ်လျက်ကြီးရောက်လာပါတယ်။ လူနာကိုစမ်းသပ်ကြည့်တော့ ဝမ်းဗိုက်မှာ သရက်ရွက်ခေါ် ဗေလုံးကြီးနေပြီးအသည်း ကလည်း ကြီးနေတယ်။ ဒါဟာ ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်ပြီး အသည်းကလည်း ကြီးနေတယ်။ ဒါဟာ ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်ပြီး သတိလစ်တာ ဖြစ်ကြောင်းသိရလို့ ဒက်ဆာမက်သာဇုန်းခေါ် ဦးနှောက် အရောင်ချတဲ့ဆေးကို အကြောက ချက်ချင်းသွင်း၊ အစာအိမ်ထဲကိုပိုက် ချပြီး ငှက်ဖျားသောက်ဆေးတွေကို အမှုန့်ကြိတ်ရေဖျော်ထည့် ရပါတယ်။ ပြီးတော့ အစွမ်းထက်ငှက်ဖျားဆေး ကွီနိုင်ထိုးဆေးကို ဒရစ်ပုလင်းထဲထည့်ပြီး ဖြည်းဖြည်းမှန်မှန် အကြောက သွင်းနေခဲ့ပါတယ်။ လူနာရှင်တွေက မျက်စိပျက်မျက်နှာပျက်နဲ့

လူနာဘေးမှာထိုင်နေကြပါတယ်။ အဲဒီ အချိန်မှာ လူနာ၏ မောင်ဝမ်းကွဲဆိုသူ အသက်(၂၈)နှစ်ခန့် လူငယ်တစ်ဦးရောက်လာပြီး လူနာရဲ့ ဖခင်နဲ့ တိုးတိုးတိုးတိုးပြောနေပါတယ်။ ပြီးတော့ လူနာရဲ့ ဖခင်က မျက်နှာပျက်သွားပြီး သတိလစ်လူနာကို ပြန်ခေါ်သွားပါရစေတော့၊ ဆက်မကုပါရ စေနဲ့တော့လို့ ပြောပါတယ်။ ဘာကြောင့်လဲမေးတော့ ဟိုဘက်ရွာက အကြားအမြင် ရတဲ့ဆရာက အဲဒီ လူနာက သွေးရိုးသားရိုးရောဂါမဟုတ်ဘူး။ ပြုစားခံရတာ ဖြစ်တယ်။ ပယောဂနဲ့ ကုမှရမယ်ဆိုပြီး လူနာကိုခေါ်ခိုင်းလိုက်ပါတယ်။ ဒီလိုဖြစ် လာနိုင်တယ်ဆိုတာ ကျွန်တော်က ကြိုတွက်ပြီးသားပါ။ ဒါနဲ့ ကျွန်တော်က ဒီလိုပြောလိုက်တယ်။

ကျွန်တော်။ ။ခင်ဗျားတို့ လူနာအတွက် မစိုးရိမ်နဲ့ဗျ။

လူနာ၏ ဖခင်။ ။ဒီလိုပါ။ ဒီရောဂါက ဆရာတို့ ဆရာဝန်တွေနဲ့ မဆိုင်ဘူး။ အောက်လမ်းနည်းနဲ့ လုပ်ထားတာပါ။

ကျွန်တော်။ ။ကျုပ်သိပြီးသားပါဗျာ။ လူနာက ပထမငှက်ဖျားဖြစ်တာပါ။ မကောင်းဆိုးဝါး ကပြုစားလိုက်တော့ ဦးနှောက်ထဲကိုငှက်ဖျားပိုးရောက်တာမြန်သွားတာပေါ့။ မကောင်းဆိုးဝါးတိုက် ထုတ်တဲ့ယတြာကို ကျွန်တော်လုပ်ပြီးပါပြီဗျာ။ ဟိုနားမှာ ကျွန်တော်ထွန်းထားတဲ့အမွှေး တိုင်ကို တွေ့တယ်မဟုတ်လား။ အဲဒါ ကျွန်တော်ယကြတာချေထားတာ။

လူနာ၏ ဖခင်။ ။ (အံ့သြစွာဖြင့် ဟုတ်လားဆရာ။ ဆရာဘယ်လို လုပ်ပြီး ယတြာချေတတ်တာလဲ။

ကျွန်တော်လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက လေ့လာထားတာဗျာ။ ကဲပါဗျာ။ သတိလစ်လူနာကို ပြန်ခေါ်သွားရင်တော့လူနာ သေမှာပဲ။ ကဲကဲဓာရဏာပရိတ်ရွတ်လိုက်ဦး။

သို့နှင့် သူတို့ပရိတ်ရွတ်ကြသည်။ နေ့ဝက်လောက်ကြာတော့ လူနာက

လူးလွန့်ပြီး သတိရလာပါတယ်။ တဖြည်းဖြည်းကောင်းသွားတယ်။ ဒေါက်တာထွန်းဝင်းဟာ ယတြာ ချေတတ်တယ်ဆိုပြီး နာမည် ကြီးသွားပါတယ်။ ဒီလိုလုပ်လိုက်တာကတော့ ဒေါက်တာရမ်းကုရဲ့ ရွှေ့မယ့်အကွက်ကို ကြိုသိလို့ ကြိုတင်ပြင်ဆင်ထားလိုက်နိုင်ခြင်းဖြစ်ပါတယ်။

အရည်အချင်းပြည့်ဝတဲ့ဆရာဝန်နဲ့ အံဝင်တဲ့ဆရာဝန် နည်းနည်းတော့ ကွာခြားပါတယ်။

အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်ဆိုတာကတော့ ပြည်ပရောက် ပါရဂူ ဆရာဝန်ကြီးတွေပါ။ သူတို့က အသည်းအစားထိုး၊ နှလုံးအစားထိုး၊ ကျောက်ကပ် အစားထိုးစတဲ့နည်းပညာမြင့် (HI-TECH) ကုသချက်တွေကို ကျွမ်းပါတယ်။

အံဝင်တဲ့ဆရာဝန်ဆိုတာကတော့ တစ်ခါက ရန်ကုန်သား ဆရာဝန်တစ်ယောက်ဟာ အညာဒေသကျေးရွာမှာ ဆေးခန်းထိုင်တော့ ညဘက်ကြီး လူနာကြည့်ရန်လာနှိုးတယ်။ ဘာဖြစ်တာလဲမေးတော့ "ပိုးကောင်ခိုက်မိတယ်" လို့ပြောပါတယ်။ ရန်ကုန်သားဆရာဝန်ကတွေး တာက ပိုးကောင်နဲ့ ခိုက်မိတာဆိုတော့ ပျားတုပ်ခံရတာ လား။ ခါချဉ်ကိုက်တာလား တစ်ခုခုပဲ။ ပျားတုပ်ခံရတာ ဆိုရင် တံတွေးဆွတ်လိုက် ပါလို့ ပြောလိုက်တယ်။ လူနာကိုကြည့်မပေးတော့ဘူး။ တကယ်တော့ အညာဒေသမှာ ပိုးကောက်ခိုက်မိတယ်ဆိုတာ မြွေပွေကိုက်တာကို ပြောတာပါ။ ရန်ကုန်သားနဲ့ အညာသားဟာ မြန်မာချင်း မြန်မာလိုပြောတာတောင် အံမဝင်ဘူး။ ဒီတော့ အံဝင်သွားဖို့ အနည်းငယ်အချိန်ယူ ရပါတယ်။ မြွေပွေးကိုက်ခံရတဲ့လူနာကို ပိုးကောင်ခိုက်မိ တယ်ပြောတာ ဆရာဝန်က ပျားတုပ်ခံရတယ်ထင်ပြီး မကြည့်တော့ လူနာကံကောင်းလို့ မသေတယ်။ ဆရာဝန်ကို မနည်းရှင်းပြရပါတယ်။

ဂေးလံခေါင်ဖျားတဲ့ဒေသတွေကို ဆရာဝန်စေလွှတ်တဲ့ကိစ္စမှာ ယခင်က လုပ်ဖူးတဲ့ အတွေ့အကြုံ

မြန်မာပြည်မှာ သူဌေးကြီးတစ်ဦးရှိပါတယ်။ သူဌေးကြီးက သူရဲ့ ဇာတိရွာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရန်ကုန်က ပြင်ပဆရာဝန် တစ်ဦးကို လခနဲ့ငှား ဆေးခန်းဆောက်ပေးပြီး ရွာမှာသွားနေဖို့ စီစဉ်ပေးပါတယ်။ ရွာသားတွေနေမကောင်းရင် ဆရာဝန်စစ်စစ်နဲ့ ကုစေချင် တဲ့စေတနာပါ။ သုံးလလောက်လည်းကြာရော အဲဒီ ဆရာဝန်ကရွာမှာ မနေနိုင်ဘဲ ရန်ကုန် ပြန်ရောက်လာပါတယ်။ ရန်ကုန်မြို့ကိုလွမ်းလို့ ပြန်လာတာမဟုတ်ပါဘူး။ ရွာကလူတွေက သူဌေးကြီးရဲ့ ဝန်ထမ်း ဆရာဝန်နဲ့ ဆေးမကု ဘဲ ရွာခံဒေါက်တာရမ်းကုနဲ့ပဲ ဆေးကုရပါတယ်။ ဆေးခန်းမှာ လူနာ မလာလို့ ဆရာဝန်က အလုပ်မရှိဘဲနဲ့တော့ သူဌေးပေးတဲ့လခကို မှိန်းပြီး မယူချင်ဘူးဆိုပြီး ပြန်ရောက်လာတာပါ။

လူနာတွေက ဆရာဝန်နဲ့ မကုဘဲ ဒေါက်တာရမ်းကုနဲ့ ဘာကြောင့်ကုရတာ လဲဆိုတာ ကျွန်တော်စူးစမ်းဖူးပါတယ်။

ကျွန်တော်သည် ဆရာဝန်တစ်ဦးအဖြစ် လွန်ခဲ့သော (၁၅)နှစ်လောက်က ကျေးရွာတွေမှာ ဆေးခန်းဖွင့်ဖူး၏ ပြင်ပလူနာမလာပါဘူး။ တစ်ခါတလေ တစ်ပတ်နေမှ (၂)ယောက်လောက်ပဲ လာ၏ ။ သို့သော် ဒေါက်တာရမ်းကုတွေ မကုတတ်သော လက်ဖျံရိုးကျိုး၊ လက်မောင်း အဆစ်လွဲ၊ ညှပ်ဆွဲသားဖွား၊ မြွေကိုက်၊ ဦးနှောက်ငှက်ဖျားစသော ရောဂါများကို အတွင်းလူနာဆေးခန်းအဖြစ် ဆေးကုပေးခဲ့ဖူး၏ ။

ထိုသို့ ရွာထဲမှာနေရင်း ဖိုးအေး (နာမည်လွှဲထား) ဆိုသော ရွာသား တစ်ယောက်နဲ့ ခင်မိ၏ ။ ဒါနဲ့ ကျွန်တော်က ဖိုးအေးကိုမေးမိ၏ ။ “ဖိုးအေးရေ၊ ရွာသားတွေက ဒေါက်တာရမ်းကုကို အားကိုးတယ်။ ဆရာဝန်စစ်စစ်ကို အားမကိုးဘူး။ ဘာကြောင့်လဲ”လို့မေးမိ၏ ။ ဖိုးအေးက ပြန်ဖြေသည်မှာ-“ဒီလိုပါဆရာ။ ကျွန်တော် ဒေါက်တာရမ်းကုတွေ နဲ့စကားပြောဖူးတယ်။ သူတို့ရဲ့အာဘော်ကိုသိတယ်။ ဆရာ့ကိုတိုးတိုး

တိတ်တိတ်ပြောပြမယ်။ ဒါပေမယ့် ကျွန်တော် ပြောတယ်ဆိုတော့ ပြန်မပြောရဘူးနော်”ဟုဆို၏ ။

ကျွန်တော်က“အေးပါကွာ၊ မပြောပါဘူး”ဟုဆိုရ၏ ။

သို့သော်လည်း ၎င်းအဖြစ်အပျက်သည် (၁၅)နှစ်ခန့်ကြာခဲ့ပြီဖြစ်၏ ။ ဖိုးအေးနှင့် ဒေါက်တာရမ်းကုတို့၏ နာမည်တွေကို လွှဲထားပြီးဖြစ်ပြီး ဖိုးအေးနှင့် ဒေါက်တာရမ်းကုတို့၏ အောက်ပါအင်တာဗျူးကို ကျေးလက်ပြည်သူအကျိုးငှာ တင်ဆက်ပါ၏ ။

ဖိုးအေးနှင့်ဒေါက်တာရမ်းကုအင်တာဗျူး

ဆရာဦးတင်မောင် ခင်ဗျား။

ဆရာတို့ လိုရွာခံဆေးဆရာနဲ့ မြို့ပေါ်ကဆေးတက္ကသိုလ်ဆင်း ဆရာဝန်တွေ ဘယ်လိုကွာပါသလဲ။

ဒေါက်တာရမ်းကု ဦးတင်မောင်

ဒီလိုပါ။ သူတို့က ဆေးကျောင်းတွေမှာ သင်ကြားခဲ့တော့ စာတွေ့ ဗဟုသုတသူတို့က သာပါတယ်။ ကျွန်တော်တို့ကတော့ ဆေးကျောင်းလည်း မတတ်၊ စာလည်း မဖတ်ပါဘူး။ ဒါပေမယ့် လူနာတွေကို လက်တွေ့ လေ့လာချင့်ချိန်ကုသရတော့ လက်တွေ့ပညာသူတို့ထက် ပိုပါတယ်။

ဖိုးအေး

ဒါဆိုရင် လူနာကို ကုတဲ့နေရာမှာ ဘယ်လိုကွာပါသလဲ။

ဒေါက်တာရမ်းကု ဦးတင်မောင်

တိုက်နယ်ဆရာဝန်တွေဟာ ရွာတစ်ရွာမှာ တစ်သက်လုံးနေမှာမဟုတ်ဘူးလေ။ သုံးနှစ် တစ်ကြိမ်လောက် နယ်ပြောင်းနေကြတာပဲ။ ဆရာတို့ကတော့ ရွာမှာမွေး၊ ရွာမှာကြီးဆိုတော့

ထားတဲ့သံယောဇဉ်ချင်းမတူဘူး။ ကိုယ့်ကြောင့် လူနာသေရင် တစ်သက်လုံးမျက်နှာပူရတယ်။ ဆရာဝန်တွေကတော့ မကြာခဏ နယ်ပြောင်းရတော့ ဒီပြဿနာ မရှိဘူး။ ဒါကြောင့် ဂရုစိုက်တာချင်းမတူဘူး။ သူတို့က လူနာကိုတစ်ခါ စမ်းသပ်ရင်ဆရာတို့က (၂)ခါ၊ (၃)ခါ ပြန်စမ်းသပ်တယ်။

ဖိုးအေး

ရွာခံဆေးဆရာဖြစ်တဲ့အတွက် ဘယ်လိုထူးခြားမှုရှိပါသလဲ။

ဒေါက်တာရမ်းကုဦးတင်မောင်

ရွာခံဖြစ်တဲ့အတွက် ကိုယ့်ရွာ၊ ကိုယ့်ဒေသတောတောင်ရေမြေအနေအထား၊ ရာသီဥတု အခြေအနေ၊ ဖြစ်တတ်တဲ့ရောဂါများကပိုသိပါတယ်။ ကျေးရွာမှာဖြစ်တဲ့ ရောဂါတွေအကြောင်းက ဆရာတို့ကပိုသိပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးပေါ်က ရောဂါတွေအကြောင်းကိုတော့ ဆရာဝန်တွေက ပိုသိတာပေ့ါ။

ဖိုးအေး

ဆေးပညာဘွဲ့ရတာ နဲ့ မရတာ နဲ့ လက်တွေ့မှာ ဘယ်လိုကွာပါသလဲ။

ဒေါက်တာရမ်းကုဦးတင်မောင်

ဒါတွေဟာ ပညတ်တွေပါ။ နာမည်ပေးသလိုပေ့ါ။ မောင်ဘလို့နာမည် ပေးရင် မောင်ဘဖြစ်သွားတာပဲ။ ဘွဲ့မရှိလို့ ပညာမတတ် ရဘူးလို့ ဘယ်သူကမှမဆိုလိုပါဘူး။ ဆရာတို့ကတော့ ကိုယ့်ပညာကို အလုပ်နဲ့ သက်သေပြမှာပဲ။

အထက်ပါစကားများကို နားထောင်ပြီးရွာသားများသည် ဆရာဝန်ထံ မသွားကြ။ ဒေါက်တာရမ်းကုများနှင့်သာကု၏ ။ တိုက်နယ် ဆရာဝန်အချို့မှ အတော်ညည်းညည်းခံ၍ ခန္တီပါရမီဖြည့်တင်းနေရပါ၏ ။

ကျေးလက်ဒေသမှာ ဆရာဝန်မရှိခြင်းထက် ပိုဆိုးတဲ့အရာ ဆိုသည်မှာ

ကျေးလက်ဒေသမှာ ဆရာဝန်မရှိခြင်းထက် ပိုဆိုးတဲ့အရာဆိုတာကတော့ ဒေါက်တာရမ်းကု တွေ့ရှိနေခြင်းပါပဲ။ ဒေါက်တာရမ်းကုတွေကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် တင်ပေးဖို့ လိုပါတယ်။ ဥပမာ- ဒေါက်တာရမ်းကုတစ်ယောက်ကို မတတ်တတတ်နဲ့ ဆေးကုနေမယ့်အစား တိုင်းပြည်အကျိုးပြု တောင်သူလယ်သမားကြီးဖြစ်စေချင်တာပါ။ ဒေါက်တာရမ်းကုတွေကို လမ်းမှန်ရောက်အောင်တင်ပေးရန်အတွက် ဒေါက်တာရမ်းကု အကြောင်းကို လေ့လာသင့်ပါတယ်။ ဒေါက်တာရမ်းကုတွေရဲ့ ခံစားချက်၊ ယုံကြည်ချက်၊ သူတို့ဘာကြောင့် တောင်သူလယ်သမားမလုပ် တာလဲ။ သူတို့ဘယ်ကနေပြီ ဆေးထိုး နည်းသင်သလဲစသဖြင့် သုတေသန (RESEARCH) လုပ်ပြီး ဒေါက်တာရမ်းကုဆိုရာ စာတမ်းတစ်စောင်လောက် ပေါ်ပေါက်လာရင် ကောင်းမှာပဲလို့ ကျွန်တော် အိပ်မက်မက်မိပါတယ်။

ဥပမာအားဖြင့် NGO တို့၏ မူဝါဒ အကြံပေး( Policy Advisor) တွေ စဉ်းစားသင့်သော အချက်တစ်ချက်

ဥပမာအားဖြင့် ဒေါက်တာရမ်းကုတွေထဲမှာ ဆယ်တန်းအောင် သူရှိရင် သူတို့ကို NGO က စကောလားရှစ်ပေးပြီး MBBS သင်တန်းကို စေလွှတ်မလားဆိုတာ Policy Advisor တွေ စိတ်ကူးယဉ်သင့်ပါတယ်။ သူတို့မှာလည်း ဉာဏ်ရှိလို့ ဆရာဝန်ဖြစ်နိုင်ပါတယ်။ ကြိုးစားရင် ဘုရားဖြစ်တယ် ဆိုတဲ့ စကားပုံတောင်ရှိသေးတာပဲ။ သူတို့က ကျေးရွာတွေမှာ တစ်သက်လုံး နေမယ့်ပုဂ္ဂိုလ်တွေပါ။ ဒေါက်တာ ရမ်းကုတွေ MBBS ဘွဲ့နဲ့ (ဆမ) ရ သွားရင် ကျေးရွာတွေကို ကျောခိုင်းပြီး မြို့ကြီးပြကြီးမှာ အသပြာဆရာဝန်လုပ်မှာလည်း ဆိုတဲ့ ကိစ္စကတော့ စိုးရိမ်းစရာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မြို့မှာ ပုဂ္ဂလိက ဆေးခန်းဖွင့်မယ်ဆိုရင် မြေညီထပ်ဆိုင်ငှားခက တစ်လကို (၆)သိန်း ဆိုတော့ ကျွန်တော် ဒေါက်တာထွန်းဝင်းတောင် မတတ်နိုင်လို့ အရင်း နည်းနည်းနဲ့

တစ်ချောင်းကို နှစ်ရာကျပ်တန်ဘောပင်တစ်ချောင်း ဝယ်ပြီး ဆောင်းပါးရေးစားနေပါတယ်။

ဒီဆောင်းပါးမှာ ရေးလက်စနဲ့ တစ်ဆက်တည်း တောင်သူကြီး တွေကို အကြံပြုပါရစေ။ တကယ်လို့များ ပြည်ပရောက် မြန်မာ်ဆရာဝန်များ ကျေးလက်ဒေသမှာ လာရောက်ဆေးကုခံရင် ဒီနေ့ဟာ ပြဿဒါး နေ့ဖြစ်လို့ ဆေးမကဘူးဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ငါးပါးသီလ လုံသူတွေအတွက် နေ့တိုင်းရက်ရာဇာဖြစ်ပါတယ်။ ဆရာဝန်ရဲ့ နက္ခတ်နဲ့ လူနာရဲ့ နက္ခတ် မတည့်လို့ ဖြစ်ပ့ါမလားဆိုပြီး သံသယမဖြစ်စေချင် ပါဘူး။ ပုဗ္ဗဏှသုတ်မှာ မြတ်စွာဘုရားက ဒီလိုဟောပါတယ်။ “သုနက္ခတ္တံ၊ သမင်္ဂလံ၊ သုပ္ပဘာတံသုဟုဋ္ဌိ တံ၊ သုခဏော၊ သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု” ဆိုလိုတာကတော့ ကောင်းမြတ်သော အကျင့်ကိုကျင့်သူများအဖို့ အစဉ်အမြဲ နက္ခတ်ကောင်းလာပါပြီးအရာရာတိုင်းကျက်သရေမင်္ဂလာရှိပါတယ်။

ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးပါစေလို့ ဆုတောင်းရင်းနဲ့ ဤဆောင်းပါးကို နိဂုံး ချုပ်ပါရစေလား။

*